MAGWAY REGIONAL YOUTH NETWORK

ရက်စွဲ။ ၁၃.၅.၂၀၁၈

အကြောင်းအရာ။ ။ ငြိမ်းချမ်းရေး ချီတက်ပွဲအား အင်းအားသုံးဖြေရှင်းမှုကို ရှုတ်ချခြင်း။

မကွေးတိုင်းဒေသကြီးလူငယ်ကွန်ရက်သည်တိုင်းဒေသကြီးအတွင်းမှ မြို့နယ် အသီးသီးမှ လူငယ်ကိုယ်စားလှယ်များဖြင့် ၂၀၁၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့်ကွန်ရက်ဖြစ်သည်။

မကွေးတိုင်းဒေသကြီး လူငယ်ကွန်ရက်သည် ငြိမ်းချမ်းရေးကို သွေဖီသည့် မည်သည့် လုပ်ရပ်မျိုး မဆို ပြင်းပြင်းထန်ထန်ကန့်ကွက်ပါသည်။

သို့ပါသောကြောင့် ၁၂.၅.၂၀၁၈ ညနေပိုင်းတွင် ဖြစ်ပွားခဲ့သော လူငယ်များ ဦးဆောင်သည့် ငြိမ်းချမ်းရေးချီတက်ပွဲတွင် လူငယ်များဘက်မှ ငြိမ်းချမ်းစွာ ညှိနှိုင်းလူစုခွဲရန် ကြိုးပမ်းခဲ့သော်လည်း အင်အားသုံးနှိမ်နင်း ဖမ်းစီးမှုများ ဖြစ်ပွားခဲ့သည်အတွက် အလွန်အမင်း စိုးရိမ်ပူပန်မိပါသည်။

၂၀၁၇ တွင် နိုင်ငံတော်၏ အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် လက်မှတ်ထိုး အတည်ပြုခဲ့သည့် လူငယ့်ရေးရာမူဝါဒ စာမျက်နှာ (၄) တွင် "လူငယ်များသည် ငြိမ်းချမ်းမှုကို ချစ်ခင်မြတ်နိုးသော ပတ်ဝန်းကျင် တစ်ရပ်ကို ဖော်ဆောင်စေရန်နှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် လူငယ်များ၏ ပါဝင်မှုအခန်းကဏ္ဍ ကို မြှင့်တင်ပေးရန်" ဟုပါရှိပါသည်။ ထို့ကြောင့် လက်ရှိ အကြမ်းဖက် ဖြေရှင်းမှုသည် နိုင်ငံတော်မှ ပြဌာန်းထားသည့် မူဝါဒကို အတိအလင်း ချိုးဖောက်နေကြောင်းသက်သေဖြစ်ပါသည်။

ထို့အပြင်အပြစ်မဲ့ ပြည်သူများကို ထိခိုက်စေသည့် မည်သည့် စစ်ပွဲ နှင့် လက်နက်ကိုင် တပ်များအားလုံးကို တိုင်းဒေသကြီးလူငယ်ကွန်ရက်မှ အပြင်းအထန် (အပြင်းအထန်) ရှုတ်ချပါသည်။

မကွေးတိုင်းဒေသကြီးလူငယ်ကွန်ရက်

အမှတ် ၁၇၀၊အောင်စေတနာ ၃ လမ်း၊

မကွေးမြို့ မကွေးတိုင်းဒေသကြီး

ဖုန်း၀၉ ၇၉ ၁၀၅၉ ၇၂၇ *Email.magwayyouthnetwork@gmail.com*